
ကိုကို့ ချစ်သည်း
မေပျိုကညာ

# ကိုကို့ချစ်သည်း
# အပိုင်း(၁)

"ဒိုင်း ... ဒိုင်း"

တိတ်ဆိတ်နေတဲ့ညတစ်ညမှာ ထွက်ပေါ်လာတဲ့သေနတ်သံ နှစ်ချက် ...။

"ကားတိုက်မိပြီး သေတယ်ဆိုတဲ့ပုံစံဖြစ်အောင် လုပ်လိုက်"

လူတစ်ယောက်ကို သတ်တာတောင် မျက်တောင်တစ်ချက်မခတ်တဲ့လူ

"ဟုတ်ကဲ့ သခင်"

"ကျန်တဲ့လူကို မင်း ဆက်ရှင်းပေးလိုက်တော့"

"ဩော် ဒါနဲ့ ငါစုံစမ်းခိုင်းထားတဲ့ကိစ္စ"

"အိမ်မကြီးက အခန်းထဲမှာ ထားခဲ့ပါပြီ"

"Ok တော်တယ်"

မြင့်မားတဲ့အရပ်နဲ့ ဖြူဖွေးတဲ့အသားရေနဲ့ လေးထောင့်ဆန်တဲ့မျက်နှာ ပိရိတဲ့နှုတ်ခမ်းတစ်စုံက ယောကျ်ားချင်းတောင် ငေးကြည့်ရအောင် ခန့်ညားလွန်းတဲ့သူက Blackဂိုဏ်းရဲ့အရှင်သခင်

'နယ်မြေရိုင်း'

"အဟက် မင်းတောင် တော်တော် အရွယ်ရောက်လာပြီပဲ ကီကီ"

ပုံထဲမှာမြင်နေရတာက ၁၈နှစ်အရွယ် ကောင်မလေးတစ်ယောက်။

***

"ကီကီ ... မြန်မြန်လာ"

"လာပါပြီ အမင်းရယ် နင်ကလည်း အရမ်းလောတာပဲ"

"လောရမှာပေ့ါ ခုချိန်သွားမှ ရှေ့ဆုံးမှာ နေရာရမှာပေ့ါ"

"နင်ကလည်း တကယ်ပါပဲ နီလာတို့ နိုင်မင်းတို့ကြိုရောက်ပြီ ဖောင်ယူပေးထားလည်း ကောင်းတာပဲ"

"နင်ကတော့လေ သူတို့က ခုချိန် အိမ်ကနေတောင် ထွက်ခဲ့ဦးမှာလား"

ပထမဆုံး ကျောင်းတက်ဖို့ဖောင်ပြည့်ရမယ့်နေ့မှာ သူငယ်ချင်းနှစ်ယောက် စကားများရပြီ။ မတည့်ဘူးဆိုပေမဲ့ ငယ်ထဲက သိခဲ့တော့ သံယောဇဉ်တော့ ရှိပါ၏။

***

"ကီကီ ... မြန်မြန်လာ နင်တို့နှစ်ယောက်ကလေ အမြဲနောက်ကျတယ်"

"ဒီမှာလေ ကီကီပေ့ါ အိမ်ကအထွက်မှာ ပိုက်ဆံအိတ်မေ့နေခဲ့လို့ ပြန်သွားယူနေရတယ်"

အမြဲတမ်း အပြင်သွားရင် တစ်ခုမဟုတ်တစ်ခု မေ့တတ်တဲ့သူမလေးက မိုးနတ်သာကီ

"အမင်း နင်ကလေ ငါ့ကိုဆို အမြဲပြောမယ်ဆိုမယ်ပဲ"

"ကီကီ နင်ကရော ငါပြောတဲ့အတိုင်း မဟုတ်ဘူးလား"

"ကဲတော်ပြီ ဟိုမှာ နိုင်မင်းက ဖောင်ယူပြီးစောင့်နေပြီ လာကြတော့ တကယ်ပါပဲ နင်တို့ကတော့ အမြဲကိုက်နေကြတယ်"

အမြဲတမ်း လူကြီးတစ်ယောက်လိုနေတတ်တဲ့ နီလာ သူမတို့ကို အမြဲ အစ်မတစ်ယောက်လို ဆုံးမတတ်၏။

***

"ဇစ် သူ့ဘေးလူက ဘယ်သူလဲ"

"မမလေးရဲ့ သူငယ်ချင်း အလင်းစေတမာန်ဆိုတာပါ သခင်"

"အရင်က ခုလောက်ထိ မရင်းနှီးဘူးမလား ကီကီနဲ့"

မမလေးကီကီ့ ဘေးမှာ အရိပ်တစ်ခုလိုရှိနေတတ်တဲ့ သူ့သခင်ပါ။ အရင်က ခုလောက်ထိ မရင်းနှီးကြပေမဲ့ သူတို့က အိမ်နီးနားချင်း ငယ်ထဲကသိခဲ့တော့ ရင်နှီးကြမယ်ဆိုတာ သူ့သခင်ကို ဘယ်လိုရှင်းပြရမလဲ။

"သူတို့က အိမ်နီးချင်းဆိုတော့ ..."

"တော် ... မင်းဘယ်တုန်းက အဲဒီလောက်ထိ တစ်ဖက်လူအပေါ် ကြည့်တတ်သွားတာလဲ မင်းစိတ်ဓာတ်ကို ပြန်ပြီး ပြုပြင်မှပဲ ခုတော့ စံအိမ်ကို မောင်း"

ငယ်ထဲက သူ့ကိုလမ်းဘေးကနေခေါ်ပြီး မွေးစားခဲ့တာ သခင်ကြီးနဲ့သခင်ပါ။

***

"တောက် ... ခွေးမသား နယ်မြေရိုင်း

"ခွပ် ... ခွပ်"

ထွက်လာတဲ့ အသံကြောင့် မျက်နှာကို ရှုချက်ဆင့်ပြီး ထိုးလိုက်၏။

"ဟက် ... မင်းက ငါ့ကိုခွေးမသား ဟုတ်လား အေး အဲဒီခွေးမသားဆိုတဲ့ ကောင်က မင်းကိုငရဲရောက်တဲ့ထိ ပို့ပေးနိုင်တယ်ဆိုတာ သိထား"

"မင်းငါ့ကို မသတ်နိုင်ပါဘူး"

"ဘာတွေကို ယုံကြည်နေတာလဲ အဟက် ... ဘာလဲ မင်းရဲ့သခင်ထွင်နဲ့ခေါင်

ကိုလား။ ဟား ... မစိုးရိမ်ပါနဲ့ ... သူလည်း မကြာခင် ရောက်လာတော့မှာပါ"

"ဟင် ... မင်း ... မင်း"

မျက်နှာတစ်ခုလုံး ပျက်ယွင်းစွာနေတဲ့လူ။

ဟက် ... နယ်မြေရှင်းကို လာထိရင် ငြိမ်နေမဲ့လူမဟုတ်တာကို သိထားသင့်တယ်။

"လွှတ် ... ငါ့ကိုလွှတ်နယ်မြေရှင်း မင်းငါ့ကိုလွှတ်"

"ဟက် ... တိတ်တိတ်လာခဲ့ အရမ်းမဟောင်နဲ့"

"မင်းငါ့ကိုလွှတ်ပေး မလွှတ်ပေးရင် ငါ့အဖေသိသွားရင် ငြိမ်နေမှာမဟုတ်ဘူးနော်"

"ဟား ... ဟား ... အရမ်းရီရတဲ့ပြက်လုံးတစ်ခုပဲ ပြီးတော့ရော"

"လွှတ်ပေး"

"အဟက် ... အဲဒါဆို ငါက မင်းကို ပြန်လွှတ်ရမယ်ပေါ့လေ"

"သခင် ..."

လက်ထဲက သေနတ်ကိုယမ်းရင်း ပြောနေတဲ့သခင် သွေးအေးပြီး ရက်စက်တတ်တဲ့ သူက အမှောင်လောကမှာ ဘုရင်တစ်ဆူပါ။

"ဇစ် မင်းဒီလောကမှာ ကြာကြာ အသက်ရှင်ချင်ရင် ဒီလိုအသေးအဖွဲ့ကိစ္စတွေကို မြန်မြန်ရှင်းပစ်ရတယ် ဒိုင်း ... ဒိုင်း ..."

ကျည်ဆန် ၂ချက်အောက်မှာပဲ အသက်ပျောက်သွားတဲ့ လူနှစ်ယောက်။ သူတို့ဂိုဏ်းအတွင်း သူလျှိုအဖြစ်ဝင်လာတဲ့လူရဲ့ အဆုံးသတ်က သေခြင်းတရားပဲ။

***

"ကီကီ နင်ပြောတာ ဒီဆိုင်လား သေချာတယ်နော်"

"အင်း သေချာတယ် အဲဒီမေသူဆိုတဲ့မမက ဒီဆိုင်မှာ အလုပ်လုပ်တာ"

အမင်း သဘောကျနေတဲ့မမမေသူ အလုပ်လုပ်နေတဲ့ဆိုင်ရှေ့မှာ လေးယောက်လုံး စုနေမိ၏။

"ဟဲ့ နင်တို့ကလည်း အဲဒီလိုကြီးချောင်းမနေကြနဲ့လေ တော်ကြာ သူခိုးထင်နေမယ်"

"ထင်ပါစေ နီလာရယ် ဟယ် ... ဟိုမှာ ice-cream"

"ဟဲ့ အမင်း ငါ မုန့်ဝယ်စားမယ် ဒီမှာ ခဏစောင့်နေ ဟုတ်ပြီလား"

"အေး နင်လည်း အစားအသောက်ပဲ"

"ပြောမနေနဲ့ ဒီလောက်စားတာတောင် ဒီခန္ဓာကိုယ်က တက်လာတာ မဟုတ်ဘူး"

သူတို့ ပြောလည်းပြောချင်စရာ ကီကီ့ကိုယ်ကလည်း သေးသေးလေး။

"အား ... အမေရေ"

"ဟယ် ..."

***